# The Colombo Pledge

# to Promote and Defend Electoral Democracy in Asia

---

# အာရှနိုင်ငံများအတွင်း ဒီမိုကရေစီရွေးကောက်ပွဲစနစ်များ

# ပီပြင်စွာဖြစ်ပေါ်လာရေး မြှင့်တင်ခြင်းနှင့်

# ကာကွယ်ဆောင်ရွက်ခြင်းဆိုင်ရာ ကိုလံဘို ကတိကဝတ်



Asian Network for Free Elections

28 August 2018
Colombo, Sri Lanka

ဩဂုတ်လ (၂၈) ရက်၊ ၂၀၁၈
ကိုလံဘို၊ သီရိလင်္ကာနိုင်ငံ

# The Colombo Pledge

# to Promote and Defend Electoral Democracy in Asia

# အာရှနိုင်ငံများအတွင်း ဒီမိုကရေစီရွေးကောက်ပွဲစနစ်များ ပီပြင်စွာဖြစ်ပေါ်လာရေး မြှင့်တင်ခြင်းနှင့် ကာကွယ်ဆောင်ရွက်ခြင်းဆိုင်ရာ

# ကိုလံဘို ကတိကဝတ်

**(Unofficial Translation)**

We, the election stakeholders convening today at the fourth Asian Electoral Stakeholders Forum (AESF IV), reaffirm our resolute commitment and dedication to secure democratic elections for everyone in Asia. We believe it is our duty to act assertively on electoral issues and do everything in our power to achieve universal suffrage and peaceful political processes in our respective countries. Democratic elections, held periodically through a secret ballot, and accompanied by vibrant political competition, are the foundation of popular sovereignty, and a genuine necessity for equitable social, political and economic development.

စတုတ္ထအကြိမ်အမြောက် အာရှရွေးကောက်ပွဲဆိုင်ရာကဏ္ဍစုံမှပါဝင်သူများညီလာခံသို့ ယနေ့တက်ရောက်လာသည့် ရွေးကောက်ပွဲကဏ္ဍစုံမှပါဝင်သူများဖြစ်သည့် ကျွန်ုပ်တို့အနေဖြင့် အာရှတိုက်ရှိ လူတိုင်းအတွက် ဒီမိုကရေစီ ရွေးကောက်ပွဲများ ဖြစ်ထွန်းတည်တံ့ရေး ကတိကဝတ်ပြုသန္နိဋ္ဌာန်ချထားမှုကို ပြန်လည်ထပ်လောင်းအတည်ပြုအပ်ပါသည်။ ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များကို တစ်စိုက်မတ်မတ်အလေးထားလုပ်ဆောင်ရေးသည် ကျွန်ုပ်တို့၏တာဝန် အဖြစ်ယုံကြည်မှတ်ယူပြီး လူတိုင်းအကြွင်းမဲ့ မဲပေးနိုင့်ခွင့်ရရှိရေး၊ နိုင်ငံရေးဖြစ်စဉ်များငြိမ်းချမ်းစွာဖြစ်ထွန်းရေးကို မိမိတို့၏သက်ဆိုင်ရာ နိုင်ငံအသီးသီးတွင် လုပ်ဆောင်နိုင်သမျှ အခွင့်အာဏာအတွင်း ကြိုးပမ်းလုပ်ဆောင်သွားပါမည်။ လျှို့ဝှက်မဲပေးသည့်စနစ်ဖြစ် ကာလအပိုင်းအခြား အလိုက်ကျင်းပပြုလုပ်ပြီး အရောင်အသွေးစုံလင်စွာနိုင်ငံရေးပါတီများပါဝင်ယှဉ်ပြိုင်သည့် ဒီမိုကရေစီရွေးကောက်ပွဲများသည် အများကလက်ခံသည့် အချုပ်အခြာရှိသော အခြေခံအုပ်မြစ်ဖြစ်ပြီး၊ တန်းတူညီမျှသော လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖြစ်ထွန်းရေးအတွက် စစ်မှန်သော လိုအပ်ချက်လည်းဖြစ်သည်။

Despite the progress achieved in some countries since the adoption of the Bangkok Declaration for Free and Fair Elections (2012), the Dili Indicators of Democratic Elections (2015) and the Bali Commitment to Electoral Transparency and Integrity (2016), we recognize that we confront deteriorating democratic conditions across Asia. We feel the need to address the state of implementation of these and other global instruments, in a civic space less favorable to the development of democratic elections than at any time since the first Asian Electoral Stakeholders Forum was held.

လွတ်လပ်၍မျှတသောရွေးကောက်ပွဲများဆိုင်ရာဘန်ကောက်ကြေညာစာတမ်း (၂၀၁၂)၊ ဒီမိုကရက်တစ်ရွေးကောက်ပွဲများ၏ ဒီလီအညွှန်းကိန်းများ (၂၀၁၅)၊ ဘာလီရွေးကောက်ပွဲဆိုင်ရာသမာသမတ်ကျမှု (၂၀၁၆) တို့အားအတည်ပြုပြဋ္ဌာန်းပြီး နှောင်းပိုင်းနိုင်ငံအချို့တွင် တိုးတက်အောင်မြင်မှုများရရှိထားသော်လည်း အာရှတလွှား ဒီမိုကရေစီအခြေအနေ ယိုင်းယိုင်မှုများကြုံတွေ့နေရသည်ကို ကျွန်ုပ်တို့သိရှိနားလည်ပါသည်။ ပထမအကြိမ် အာရှရွေးကောက်ပွဲများဆိုင်ရာကဏ္ဍစုံမှပါဝင်သူများညီလာခံစတင်ခဲ့သည့်အချိန်မှစတင်၍ ဒီမိုကရေစီရွေးကောက်ပွဲများတိုးတက်ဖြစ်ထွန်းရေးကို အလေးပေးမှုသည် ပြည်သူ့ရေးရာကဏ္ဍတွင် နည်းပါးနေသေးသည့်အတွက် ကျွန်ုပ်တို့အနေဖြင့် ဤပြဋ္ဌာန်းအတည်ပြုထားသော ကြေညာစာတမ်းများနှင့်အခြားသော ကမ္ဘာလုံးဆိုင်ရာ ပဋိညာဉ်စာချုပ်များကို နိုင်ငံတိုင်းမှ လိုက်နာကျင့်သုံးရန် လိုအပ်သည်ဟုခံယူပါသည်။

Through this document, we emphasize the importance of democracies that are inclusively developed. As electoral stakeholders, we recognize everyone's responsibility in the creation of credible electoral systems, and wish to emphasize examples of good practices that should be nurtured and replicated broadly to achieve more democratic standards of governance in the region. In accordance with the discussions that have taken place at this forum, we hereby identify particular current issues that, given recent developments, we feel need to be highlighted and are making recommendations to be implemented by electoral stakeholders in order to address them.

ဤကတိကဝတ်စာတမ်းအားဖြင့် အားလုံးအကျုံးဝင်ပါဝင်သည့် ဒီမိုကရေစီ၏အရေးပါမှုကို ကျွန်ုပ်တို့အနေဖြင့် အလေးအနက်ထားရှိပါသည်။ ရွေးကောက်ပွဲကဏ္ဍစုံမှပါဝင်သူများဖြစ်သည့် ကျွန်ုပ်တို့အနေဖြင့် အများယုံကြည်သော ရွေးကောက်ပွဲစနစ်များ ဖြစ်ထွန်းပေါ်ပေါက်လာရေးသည် လူတိုင်း၏တာဝန်ဖြစ်ပြီး ပြုစုပျိုးထောင်သင့်သော၊ ကျယ်ပြန့်စွာအတုယူကျင့်သုံးသင့်သောကောင်းမွန်သည့် အလေ့အကျင့်များဖြင့်ဒေသအတွင်းဒီမိုကရေစီအုပ်ချုပ်မှုစံနှုန်းများ ဖြစ်ထွန်းအောင်မြင်လာရေးအတွက် အလေးထားလုပ်ဆောင်ရန်ဆန္ဒပြုလိုပါသည်။ ဤညီလာခံမှ အများသဘောတူ ဆွေးနွေးချက်များနှင့်အညီ လက်ရှိတွင် ကြုံတွေ့နေရသည့် အခက်အခဲများကိုဖော်ထုတ်ပြီး၊ တစ်ဖက်တွင်လည်း ရရှိထား သောတိုးတက်မှုများကို အသိအမှတ်ပြုကာ၊ ကျွန်ုပ်တို့အနေဖြင့် အလေးပေးဆောင်ရွက်ရန်များ၊ အကြံပြုချက်များကို ရွေးကောက်ပွဲကဏ္ဍစုံမှတာဝန်ရှိသူများအနေဖြင့်ဆောင်ရွက်နိုင်ရန်အတွက်ချမှတ်ထားရှိရန်လိုအပ်ကြောင်းနားလည်ပါသည်။

**Electoral Integrity and Individual Freedoms**

**ရွေးကောက်ပွဲဆိုင်ရာ သမာသမတ်ရှိမှု နှင့် ပုဂ္ဂိုလ်တစ်ဦးချင်းစီ၏လွတ်လပ်ခွင့်များ**

We commit to uphold the norms and principles embedded in the Universal Declaration of Human Rights, the International Covenant on Civil and Political Rights, the Bangkok Declaration on Free and Fair Elections, and other international human rights instruments in formulating and implementing election policies and conducting electoral assessments. We believe that genuine democracy is not measured solely on the orderliness of the election process, but most importantly on the freedom every voter enjoys. We will pursue to the best of our abilities means to address and ultimately eradicate vote buying, violence, threats, intimidation, and all forms of undue influence that undermine the will of the voter.

ကျွန်ုပ်တို့သည် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်း၊ နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ်၊ လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲများဆိုင်ရာ ဘန်ကောက်ကြေညာစာတမ်းနှင့် အခြားသော နိုင်ငံတကာလူ့အခွင့်အရေးစာတမ်းများတွင်ပါဝင်သည့် ရွေးကောက်ပွဲဆိုင်ရာမူဝါဒများ အကောင်အထည်ဖော်

ရေးဆွဲခြင်း၊ ရွေးကောက်ပွဲဆိုင်ရာဆန်းစစ်အကဲဖြတ်ခြင်းပါ အခြေခံစံနှုန်းများကို လေးစားလိုက်နာပါမည်ဟုကတိပြုပါသည်။ ကျွန်ုပ်တို့အနေဖြင့် စစ်မှန်သောဒီမိုကရေစီသည် စည်းစနစ်ကျသော ရွေးကောက်ပွဲလုပ်ငန်းစဉ်များရှိရုံမျှဖြင့် တိုင်းတာ၍ မရဘဲ မဲဆန္ဒရှင်ပြည်သူများ လွပ်လပ်ပျော်ရွှင်စွာမဲပေးနိုင်ခြင်းရှိသည့်အပေါ်တွင်သာမူတည်သည်ဟုလက်ခံယုံကြည်ပါသည်။ ကျွန်ုပ်တို့အနေဖြင့် မဲမသမာမှုများ၊ အကြမ်းဖက်မှုများ၊ ခြိမ်းခြောက်မှုများ၊ အကျပ်ကိုင်မှုများနှင့် မဲဆန္ဒရှင်ပြည်သူများ၏ ဆန္ဒကိုထိပါးစေမည့် မည်သည့်လုပ်ရပ်ကိုမဆို အကောင်းဆုံးတက်စွမ်းသ၍ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

We express our belief in the importance of dissent and criticism in building democracies, and thus pledge to create space for constructive dialogue among all stakeholders. Finally, we commit to catalyzing and nurturing a culture of civic engagement to create sustainable democracies in Asia and beyond. We will strive to protect the interests and rights of future generations.

ကျွန်ုပ်တို့အနေဖြင့် ဒီမိုကရေစီ တည်ဆောက်ရာတွင် သဘောထားအမြင်ကွဲပြားမှု၊ ဝေဖန်ထောက်ပြမှုများသည် မည်မျှ အရေးကြီးသည်ကိုယုံကြည်ကြောင်းဖော်ပြလိုပါသည်။ ထို့ကြောင့် အပြုသဘောဆောင်သော ပြောဆိုဆွေးနွေးမှုများ ကဏ္ဍစုံမှ ပါဝင်သူများအကြားဖြစ်ထွန်းရန်ဖော်ဆောင်သွားမည်ဟုကတိကဝတ်ပြုပါသည်။ အဆုံး၌ အာရှအပြင် အခြားသော ဒေသများ တွင်ပါ ဒီမိုကရေစီစဉ်ဆက်မပြတ်ထွန်းကားရေး၊ ပြည်သူများနှင့်ထိတွေ့ဆက်ဆံသော ယဉ်ကျေးမှုအလေ့အထများ ဖြစ်ထွန်း လာစေရေးတို့ကို ပြုစုပျိုးထောင်ခြင်းနှင့် ချိပ်ဆက်လုပ်ဆောင်ခြင်းများ ဆောင်ရွက်သွားရန်ကတိပြုပါသည်။ ကျွန်ုပ်တို့ အနေ ဖြင့် အနာဂတ်မျိုးဆက်သစ်များ ၏ အကျိုးစီးပွားနှင့်အခွင့်အရေးများကို ကာကွယ်ရန်ကြိုးပမ်းလုပ်ဆောင်သွာပါမည်။

## Open, Balanced and Accurate Information

ပွင့်လင်း၊မှန်ကန်မျှတပြီး၊တိကျသောသတင်းအချက်အလက်များ

Information is the backbone of transparency. Transparency is the core of a healthy election. A healthy election is the heart of democracy. We call on all election stakeholders to promote, embody and implement, the right to information, with a particular focus on proactive disclosure of election information and data on a timely basis. Such information must be accessible for all citizens.

သတင်းအချက်အလက်သည် ပွင့်လင်းမြင်သာမှုအတွက် အဓိကအရေးကြီးသော ကျောရိုးဖြစ်ပါသည်။ ပွင့်လင်းမြင်သာမှု သည် ခိုင်မာအားကောင်းသောရွေးကောက်ပွဲအတွက် မဏ္ဍိုင်ဖြစ်ပါသည်။ ကျွန်ုပ်တို့အနေဖြင့် ရွေးကောက်ပွဲကဏ္ဍစုံမှပါဝင် သောတာဝန်ရှိသူအားလုံးကို သတင်းအချက်အလက်ရရှိပိုင်ခွင့် အထူးသဖြင့် ရွေးကောက်ပွဲဆိုင်ရာသတင်းအချက်အလက်များ ကို အချိန်နှင့်တစ်ပြေးညီ အများပြည်သူသိရန်စေရန်အားပေးဖော်ပြခြင်းတို့ကို မြှင့်တင်ဆောင်ရွက်ရန်နှင့် ရုပ်လုံးပေါ်ပီပြင်စွာ အကောင်အထည်ဖော်ရန်တောင်းဆိုပါသည်။

We, election stakeholders, resolve to collaborate in enhancing and strengthening existing avenues for impartial civic and voter education, especially during election periods. Furthermore, we urge governments to support and establish institutions that counter the spread of misinformation, hate speech and intolerance and violation of codes of conduct. Voters have the right to be presented with facts and figures , and parties and candidates have the right to present their programs, enabling voters to make informed decisions.. While doing so, governments must also refrain from resorting to the use of censorship, or policies which ultimately have the effect of self-censorship. Freedom of the press must be ensured in order for a variety of opinions to be expressed and so that healthy political debates can take place.

ကျွန်ုပ်တို့ ရွေးကောက်ပွဲကဏ္ဍစုံမှပါသင်သူများသည် လမ်းကြောင်းပေါ်ရောက်ရှိပြီးဖြစ်သော ဘက်လိုက်မှုမရှိခြင်း၊ နိုင်ငံသားအသိပညာပေးနှင့် မဲဆန္ဒရှင်ပညာပေးဆောင်ရွက်မှုများကို ပိုမိုအားကောင်းရန်နှင့် တိုးတက်စေရန် အထူးသဖြင့် ရွေးကောက်ပွဲကာလများတွင် ပူးပေါင်းဆောင်ရွက်သွားရန် သန္နိဋ္ဌာန်ချကာ ဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့ပြင် ကျွန်ုပ်တို့သည် သတင်းအမှားများပျံ့နှံ့ခြင်း၊ အမုန်းပွားစကားများနှင့် သဘောထားသေးသိမ်မှုများနှင့် လိုက်နာရန် ကျင့်ဝတ်များကိုချိုးဖောက်ခြင်း စသည်တို့ကို တန်ပြန်နိုင်ရန်အတွက် အဖွဲ့အစည်းများဖွဲ့စည်းထားရှိပြီး ကူညီပံ့ပိုးပေးရန် အစိုးရတာဝန်ရှိသူများကိုတိုက်တွန်းသွားမည်။ မဲဆန္ဒရှင်များအနေဖြင့် ခိုင်လုံသောသတင်းအချက်အလက်များရယူသိရှိနိုင်ခွင့်သည် ၄င်းတို့၏ အခွင့်အရေးတစ်ရပ်ဖြစ်ပြီး၊ နိုင်ငံရေးပါတီများနှင့်ကိုယ်စားလှယ်လောင်းများသည်လည်း ၄င်းတို့၏ လုပ်ငန်းအစီအစဉ်များကို တင်ပြနိုင်ရန် အခွင့်အရေးရှိရမည်ဖြစ်သည်။ သို့မှသာလျှင် မဲဆန္ဒရှင်များအနေဖြင့် အမှန်တကယ် သိရှိနားလည်မှုမှတဆင့် မိမိအတွက်မှန်ကန်သော ဆုံးဖြတ်ချက်များကိုချမှတ်နိုင်စေမည်ဖြစ်သည်။ ထိုသို့ ဆောင်ရွက်ရာတွင် အစိုးရတာဝန်ရှိသူများအနေဖြင့် ဆင်ဆာဖြင့်တားမြစ်ပိတ်ပင်ခြင်းများနှင့် မူဝါဒများဖြင့် တားမြစ်ကန့်သတ်ထားခြင်းမျိုး မရှိစေရန်ရှောင်ကြဉ်ရမည်ဖြစ်သည်။ မတူကွဲပြားသောအမြင်အယူအဆများဖော်ပြနိုင်ရန်အတွက် သတင်းမီဒီယာလွတ်လပ်ခွင့် သေချာမှုရှိစေရန်လိုအပ်သည်။ သို့မှသာခိုင်မာအားကောင်းသောနိုင်ငံရေးအချေအတင်ဆွေးနွေးပွဲများဖြစ်ထွန်းလာစေနိုင်မည် ဖြစ်သည်။

We recognize the important role of election observation as a tool to enhance accountability and propagate democratic values, when done properly. Thus, we will collectively pursue means to promote genuine election monitoring and address the spread of fake election observation that do not adhere to international and regional standards for election observation.

ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခြင်းသည် တာဝန်ယူမှုနှင့် ဒီမိုကရေစီတန်ဖိုးများတိုးပွားရှင်သန်စေရန် အရေးပါသော အခန်းကဏ္ဍတစ်ရပ်အဖြင် ကျွန်ုပ်တို့ခံယူပါသည်။ ထို့ကြောင့် မှန်ကန်သော ရွေးကောက်ပွဲ စဉ်ဆက်မပြတ်စောင့်ကြည့် လေ့လာခြင်းများကိုမြှင့်တင်လုပ်ဆောင်ရန်နှင့် ရွေးကောက်ပွဲလေ့လာစောင့်ကြည့်ခြင်းနိုင်ငံတကာစံနှုန်းများ၊ ဒေသဆိုင်ရာသတ်မှတ်ချက်များကို လေးစားလိုက်နာမှုမရှိသည့် မမှန်မကန်စောင့်ကြည့်လေ့လာခြင်းများပျံ့နှံ့မှုကို အရေးယူဆောင်ရွက်ရန် ကျွန်ုပ်တို့အနေဖြင့် ဝိုင်းဝန်းတိုက်တွန်းလိုပါသည်။

## Efficient Electoral Justice and Legal Framework

## ထိရောက်သောရွေးကောက်ပွဲဆိုင်ရာတရားမျှတမှုနှင့် ဥပဒေမူဘောင်

As election stakeholders, we consider transparency as the hallmark of an electoral process with integrity, and thus call for a framework of checks and balances among institutions concerned with election management to promote, instill, and distribute accountability. All legal systems should encourage fair competition, and reconsider laws which have the effect of unreasonably limiting or restricting electoral participation. We also wish to draw attention to the lack of effective campaign finance regulations, which is a common weakness of most Asian elections.

ရွေးကောက်ပွဲကဏ္ဍစုံမှပါဝင်သူများဖြစ်သည့် ကျွန်ုပ်တို့သည် ပွင့်လင်းမြင်သာမှုရှိခြင်းကို ရွေးကောက်ပွဲလုပ်ငန်းစဉ်များ၏သမာသမတ်ကျမှု အရည်အသွေးစံတစ်ရပ်အဖြစ် သတ်မှတ်ထားရှိသည့်အတွက် သက်ဆိုင်သည့် အဖွဲ့အစည်းများအကြား အပြန်အလှန်ထိန်းကျောင်းခြင်းဆိုင်ရာမူဘောင်ထားရှိပြီး ၄င်းကိုမြှင့်တင်ဆောင်ရွက်ရန်နှင့် တာဝန်ခံမှုသတ်မှတ်ထားရှိရန် တောင်းဆိုပါသည်။ ဥပဒေနည်းစနစ်များအားလုံးသည် မျှတသောယှဉ်ပြိုင်မှုကိုအားပေးပြီး၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်တွင်

ပါဝင်ဆောင်ရွက်ရေးကို အကန့်အသတ်ဖြစ်စေသော၊ အကြောင်းမဲ့ကန့်သတ်ထားရှိသည့်အကျိုးဆက်များရှိနေသော ဥပဒေများကိုပြန်လည်သုံးသပ်မှုများပြုလုပ်ရမည်ဖြစ်သည်။ ကျွန်ုပ်တို့အနေဖြင့် ထိရောက်သော မဲဆွယ်စည်းရုံးရေး အသုံးစရိတ်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ အားနည်းနေမှုနှင့် လိုက်နာကျင့်သုံးမှုမရှိခြင်းများ အပေါ်အရေးယူလုပ်ဆောင်စေရန်ဆန္ဒရှိပါသည်။ ၎င်းသည် အာရှနိုင်ငံအများစု၏ ရွေးကောက်ပွဲများတွင် အများဆုံးတွေ့ရှိရသည့်တူညီသော အားနည်းချက်လည်းဖြစ်ပါသည်။

We advocate for effective electoral justice and conflict resolution. We urge governments to ensure the proportionality of punishments for candidate and party infractions, where banning from participation and dissolution of entities should only be administered as a final resort. We encourage all states to utilize codes of conduct and accountability standards to foster trust in the electoral process.

ကျွန်ုပ်တို့သည် ထိရောက်သော ရွေးကောက်ပွဲဆိုင်ရာ တရားမျှတမှုရှိခြင်းနှင့် ပဋိပက္ခဖြေရှင်းခြင်းတို့ကို အလေးထားသတိမူရန် စည်းရုံးလှုံ့ဆော်သွားမည်။ အစိုးရတာဝန်ရှိသူများကိုလည်း ကိုယ်စားလှယ်လောင်းများနှင့် ဥပဒေချိုးဖောက်သောပါတီများကို အပြစ်ပေးအရေးယူရာတွင် မျှတစွာလုပ်ဆောင်ရန်နှင့် နိုင်ငံရေးတွင်ပါဝင်မှုမှတားမြစ်ခြင်း၊ ပါတီအဖွဲ့အစည်းအားဖျက်သိမ်းခြင်းတို့ကို မဖြစ်သာသည့် နောက်ဆုံးအခြေအနေမှသာ လုပ်ဆောင်ရန် တိုက်တွန်းသွားမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် လိုက်နာရန်ကျင့်ဝတ်များနှင့် တာဝန်ခံယူမှု စံနှုန်းများကို ရွေးကောက်ပွဲလုပ်ငန်းစဉ်တွင် လိုက်နာကျင့်သုံးခြင်းဖြင့် ယုံကြည်မှု မြှင့်တင်ရန် နိုင်ငံတိုင်းကို တိုက်တွန်းသွားမည်။

**Democratic Inclusion of Vulnerable Populations**

**ထိခိုက်လွယ်သောလူအုပ်စုများအား ဒီမိုကရေစီနည်းလမ်းတကျပါဝင်စေရန်ဆောင်ရွက်ခြင်း**

We, as election stakeholders, resolve to develop mechanisms to encourage inclusive and active participation of all vulnerable groups in planning, policy making, legal reform, implementation, monitoring and evaluation, and data disaggregation of all aspects of the electoral process. Emphasizing that suffrage rights are the distilled essence of our fundamental human rights, we call on all states to eradicate disenfranchisement of any sector and remove legal and physical barriers on the right to vote and political participation.

ရွေးကောက်ပွဲကဏ္ဍစုံမှတာဝန်ရှိသူများဖြစ်သည့် ကျွန်ုပ်တို့သည် ထိခိုက်လွယ်သောလူအုပ်စုများကို အစီအစဉ်များချမှတ်ရေးဆွဲခြင်း၊ မူဝါဒချမှတ်ခြင်းနှင့် တက်ကြွစွာပါဝင်နိုင်စေခြင်း၊ ဥပဒေရေးရာပြင်ဆင်ခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ စောင့်ကြည့်အကဲဖြတ်လေ့လာခြင်း၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်များနှင့်စပ်လျဉ်းသည့် အချက်အလက်များစီမံခန့်ခွဲမှုများတွင်ပါဝင်ဆောင်ရွက်နိုင်စေမည့် ယန္တယားတစ်ရပ်အားဖော်ဆောင်သွားရန်ကတိပြုပါသည်။ လူတိုင်းမဲပေးနိုင့်သည့်အခွင့်အရေးသည် အခြေခံလူ့အခွင့်အရေး ၏ အနှစ်သာရဖြစ်ကြောင်းအလေးအနက်ထားပြီး ဆန္ဒမဲပေးပိုင်ခွင့်ကိုဆုံးရှုံးစေမည့် မည်သည့် ရုပ်ဝတ္ထုဆိုင်ရာအတားအဆီးများ၊ ဥပဒေကန့်သတ်ချက်များနှင့် မည်သည့်အဟန့်အတားမျိုးကိုမဆို ပပျောက်ရန်တောင်းဆိုသွားမည်။

We also acknowledge that the present sociopolitical structures and norms have the tendency to negatively impact empowerment of women and keep them from reaching their full potential as candidates, voters, election officials, or members of civil society and the media. Persons with disabilities, indigenous peoples, religious minorities, and other vulnerable groups are likewise subject to discrimination. We

resolve to take these injustices head on, and pledge to involve them, and the organizations that represent them, in all our activities and advocacy to ensure they can participate and contribute to electoral processes.

ကျွန်ုပ်တို့သည် မျက်မှောက်ကာလ လူမှုနိုင်ငံရေးဖွဲ့စည်းပုံနှင့် စံနှုန်းများသည် အမျိုးသမီးများ၏ အခန်းကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရန်အတွက် အတားအဆီးများအဖြစ်တည်ရှိနေပြီး ၎င်းတို့အား ကိုယ်စားလှယ်လောင်းဖြစ်ခွင့်၊ ဆန္ဒမဲပေးပိုင်ခွင့်၊ ရွေးကောက်ပွဲအရာထမ်းများဖြစ်ခွင့်၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများတွင် အဖွဲ့ဝင်အဖြစ်ပါဝင်ခွင့်နှင့် မီဒီယာကဏ္ဍတို့တွင် လက်လမ်းမီရန်များစွာအလှမ်းဝေးနေသေးကြောင်း နားလည်သိရှိထားပါသည်။ အလားတူပင် မသန်စွမ်းသူများ၊ ဌာနေဒေသခံတိုင်းရင်းသားများ၊ ဘာသာရေးလူနည်းစုများနှင့် အခြားသောထိခိုက်လွယ်သည့်အုပ်စုများသည်လည်း ခွဲခြားဆက်ဆံမှုကိုကြုံတွေ့နေရဆဲဖြစ်ပါသည်။ ကျွန်ုပ်တို့သည် အဆိုပါမမျှတမှုများကို အလေးအနက်ထားကာ ၎င်းတို့ပါဝင်လာနိုင်ရန် ဆောင်ရွက်ခြင်း၊ ၎င်းတို့အားကိုယ်စားပြုသည့်အဖွဲ့အစည်းများအနေဖြင့် ကျွန်ုပ်တို့၏ လုပ်ငန်းဆောင်ရွက်မှုများတွင် ပါဝင်နိုင်ရန် တွန်းအားပေးနိုးဆော်ခြင်းနှင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် ၎င်းတို့မှပါဝင်အကျိုးပြုနိုင်စေရန် အတွက် သန္နိဋ္ဌာန်ချကာ ဆောင်ရွက်သွားပါမည်။

Facing what can only be described as a rollback of democracy in Asia, we choose not to be pessimistic and resigned, but instead be future-oriented and hopeful. In the spirit of the Bangkok Declaration and subsequent documents adopted previously by the AESF, we renew today our call to all electoral stakeholders to join us, as we sign the present pledge and commit ourselves to addressing any and all challenges to democracy. We agree to take action, promote good electoral practices, and report our progress at the succeeding Asian Electoral Stakeholder Fora, which will pursue collaboration between stakeholders until all citizens of Asia enjoy unencumbered access to democratic elections.

အာရှအတွင်း ဒီမိုကရေစီဆုတ်ယုတ်မှုများသည် ဖော်ပြထားသည့်အတိုင်းကြုံတွေ့နေရလင့်ကစား ကျွန်ုပ်တို့ တာဝန်ရှိသူများအနေဖြင့်သည် အဆိုးမြင်၍ နောက်ပြန်လှည့်သွားမည်မဟုတ်ဘဲ အနာဂတ်ကိုဦးတည်လျှက်၊ မျှော်လင့်ချက်ထားရှိကာလုပ်ဆောင်သွားမည်ဖြစ်သည်။ ဘန်ကောက်ကြေညာစာတမ်းနှင့် ယခင်အခြားသော AESF မှ အတည်ပြုပြဋ္ဌာန်းသည့် ကတိကဝတ်များကို နှလုံးသွင်းခံယူလျှက် ဤကတိကဝတ်ကို လက်မှတ်ရေးထိုးခြင်းနှင့်အတူ ဒီမိုကရေစီလုပ်ငန်းစဉ်များတွင်ကြုံတွေ့ရမည့် စိန်ခေါ်မှုများကို အရေးယူဆောင်ရွက်သွားပါမည်ဟုခံဝန်ကတိပြုလျှက် ယနေ့ရွေးကောက်ပွဲကဏ္ဍစုံမှ တာဝန်ရှိသူများအားလုံးကို အတူတကွပူးပေါင်းပါဝင်လုပ်ဆောင်သွားကြရန် အသစ်တဖန်တောင်းဆိုပါသည်။ ကျွန်ုပ်တို့ တာဝန်ရှိသူများအနေဖြင့် အရေးယူဆောင်ရွက်မှုများ၊ ကောင်းမွန်သောရွေးကောက်ပွဲ အလေ့အကျင့်ကောင်းများကို မြှင့်တင်ဆောင်ရွက်ခြင်း၊ တိုးတက်အောင်မြင်မှုများကို နောင်လာမည့် အာရှရွေးကောက်ပွဲဆိုင်ရာ ကဏ္ဍစုံမှတာဝန်ရှိသူများ တွေ့ဆုံအစည်းအဝေးများတွင်တင်ပြအစီရင်ခံတင်ပြသွားရန် သဘောတူညီပါသည်။ ၎င်းသည် ကဏ္ဍစုံမှတာဝန်ရှိသူများ အကြား ပူးပေါင်းဆောင်ရွက်မှုကို ဆက်လက်ဖြစ်ထွန်းစေမည်ဖြစ်ကာ အာရှတွင်းရှိ တိုင်းသူပြည်သားအားလုံး ဒီမိုကရေစီ ရွေးကောက်ပွဲများကို ဝန်ထုပ်ဝန်ပိုးမရှိဘဲ လက်လှမ်းမီကာ ပါဝင်ဆင်နွှဲနိုင်စေမည်ဖြစ်ပါသည်။